# ကမ္ဘာကြီးကို ဖောက်ထိုးလှည့်ခြင်း

YR C
NO. 11



အလွတ်ကျမ်းချက်။ ။ ကောရိန္သုဩဝါဒစာ ပထမစောင် ၆း၁၉၊ ၂၀

"အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင် ပေးသနားတော်မူသော ဝိညာဉ်တော် တည်း ဟူသော၊ သင်တို့အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်း ကိုငင်း၊ မိမိတို့ကို မိမိတို့မပိုင်ကြောင်းကိုငင်း၊ မသိကြသလော။ သင်တို့သည် အဘိုးနှင့် ဝယ် တော်မူသော သူဖြစ်သောကြောင့်၊ ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့် စိတ် ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကိုထင်ရှားစေကြလော့။"

## တနင်္လာနေ့ | ကောရိန္သုဩဝါဒစာ ပထမစောင် ၁

ပေါလုသည် သုံးနှစ်နီးပါး ဧဖက်မြို့၌ သာသနာပြုနေခဲ့၏။ တစ်နေ့ ကောရိန္သုမြို့မှ အချို့သောခရစ်ယာန်များသည် ဧဖက်မြို့သို့ ရောက်လာခဲ့ကြ၏။ ထိုအခါ၊ ပေါလုသည် သူတို့အား ကောရိန္သုမြို့၌ရှိသော အသင်းတော်အကြောင်းနှင့်ပတ်သက်၍ သတင်းမေးသောအခါ၊ ကောင်းသောသတင်းကို မကြားရခဲ့ပေ။

လွဲမှားသောဆရာအတုအယောင်များသည် အသင်းတော်ထဲသို့ ရောက်လာပြီး၊ လူပေါင်းများစွာကို လွဲမှားသောလမ်းသို့ ပို့ဆောင်ခဲ့ကြ၏။ ခရစ်ယာန်များသည် တဖန် မိစ္ဆာဒိဋ္ဌိများကဲ့သို့ ပြုမူခဲ့ကြပြီး ဒုံရင်းသို့ ပြန်လည်ဆုတ်ခွာခဲ့ကြ၏။ ထိုအချိန်သည် သူတို့ထံ လည်ပတ်ဖို့ရန် အခြေအနေကောင်း မဟုတ်သေးကြောင်းကို ပေါလုသည် သိရှိနားလည်ပြီး၊ စာစောင်ကိုသာ သူတို့ထံသို့ ပို့ပေးလိုက်လေ၏။ ထိုစာစောင်ကို ယခုကျွန်ုပ်တို့တွင်ရှိသည့် ကျမ်းစာ၌ပါသော ကောရိန္သုဩဝါဒစာ ပထမစောင် ဟုခေါ်သည်။

ထိုစာစောင်ထဲတွင် ပေါလုသည် အကြောင်းအရာများစွာကို ဖော်ပြထားပြီး၊ အသင်းတော်၌ရှိသော စိတ်ဝမ်းကွဲပြားခြင်း အကြောင်းများ (အခန်းကြီး ၁ မှ ၄)၊ အကျင့်စရိတ္တဆိုင်ရာပျက်ပြားခြင်းအကြောင်း (အခန်းကြီး ၅)၊ ရုပ်ထုပူဇော်သောအစားအစာများကို စားသောက်ခြင်းအကြောင်း (အခန်းကြီး ၈)၊ ဝိညာဉ်ဆုကျေးဇူးများအကြောင်း (အခန်းကြီး ၁၂ မှ ၁၄) နှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်း (အခန်းကြီး ၁၅) တို့ ပါဝင်သည်။

အခြားသောပြဿနာတစ်ခုမှာ အသင်းတော်ရှိ အသင်းသူအသင်းသားများသည် တစ်ယောက်ကို တစ်ယောက် တရားရုံးသို့ တရားစွဲဆိုကြခြင်းဖြစ်သည်။ ၎င်းသည် သခင်ယေရှုခရစ်တော်မိန့်တော်မူခဲ့သည့် အသင်းသူအသင်းသားများသည် သူတို့၏အမြင်သဘောထားကွဲလွဲမှုများကို အဘယ်သို့ကျေအေးသင့်ကြောင်းကို လုံးဝဆန့်ကျင်ဘက် ဖြစ်ခဲ့သည်။ (ရှင်မဿဲခရစ်ဝင် ၁၈း၁၅-၁၈)။ အသင်းသူအသင်းသားများသည် ထိုပြဿနာကိစ္စမျိုးကို တရားရုံးသို့ ယူသွားခြင်းထက် မိမိကိုယ်ကို မတရားပြုမူဆက်ဆံခြင်းသည် ပို၍ကောင်းမည်ဖြစ်သည်။ ပေါလုသည် ထိုအကြောင်းကို အဘယ်သို့ပြောဆိုထားသည်ကို ကောရိန္သုဩဝါဒစာ ပထမစောင် ၆း၁-၇ ကို ဖတ်ပါ။

ထို့နောက်၊ ပေါလုသည် သူတို့၏မြို့၌ကျင်းပနေသော ပြိုင်ပွဲများအကြောင်းအားဖြင့် သူတို့အား သတိပေးခဲ့၏။ ပုဂ္ဂိုလ်တစ်ယောက်တည်းသာ အနိုင်ရနိုင်သော်ငြားလည်း ပြိုင်ပွဲဝင်တိုင်းသည် အနိုင်ရရန် အလွန်ကြိုးစားခဲ့ကြရသည်။ အချို့သောသူများသည် ကြောက်မက်ဖွယ်ကောင်းသော ကြံစည်ကြိုးပမ်းမှုအားဖြင့် အသက်ပင် သေဆုံးခဲ့ရကြ ၏။ ထို့အတူ၊ ရှင်ပေါလုက ကျွန်ုပ်တို့သည် ထာဝရအသက်ဆုရရှိရန် ရည်မှန်းချက်ထားသင့်ကြောင်း ပြောကြားခဲ့သည်။ ကောရိန္သုဩဝါဒစာ ပထမစောင် ၉း ၂၄ - ၂၇။

သူ၏စာစောင်အဆုံးပိုင်းတွင်၊ ပေါလုသည် ကျမ်းစာ၌ အလွန်ဝမ်းမြောက်ဖွယ်ကောင်းသော အခန်းတစ်ခုကို ရေးသားခဲ့သည်။ ကျွန်ုပ်တို့၌ ဘုရားသခင်၏ကြင်နာသောချစ်ခြင်းမေတ္တာဖြစ်သည့် စစ်မှန်သော ချစ်ခြင်းမေတ္တာ မရရှိပါက၊ ကျွန်ုပ်တို့ပြောဆိုပြုမူသည့်အရာမှာ ဘာမှ အရေးမပါကြောင်း သူပြသခဲ့သည်။ ကောရိန္သုဩဝါဒစာ ပထမစောင် ၁၃ အခန်းကြီးတစ်ခုလုံးကို ဖတ်ပါ။

**လက်တွေ့ကျင့်သုံးရန်** - ထာဝရအသက်အတွက် ပြိုင်ပွဲကို သင်သည် လုံ့လဝီရိယရှိစွာ ပြေးနေပါသလား။ သတင်းကောင်းတစ်ခုမှာ ယေရှုခရစ်တော်၌ ယုံကြည်သောသူနှင့် သူမှာထားသောစကားများကို နာခံသောသူများသည် ထိုပြိုင်ပွဲတွင် ဧကန်အနိုင်ရမည်ဖြစ်သည်။

## တနင်္လာနေ့ | ဧဖက်မြို့၌ဖြစ်ပျက်သော အဓိကရုဏ်း (တမန်တော်ဝတ္ထု ၁၉း၂၁-၂၀း၁) ၂

ဧဖက်မြို့၌ ပေါလုသည် သုံးနှစ်ကြာခန့် သာသနာပြုခဲ့၏။ သူသည် နောက်ထပ်အချိန်အနည်းငယ်ပိုပြီးနေထိုင်ရန် စီစဉ်ထား၏။ သို့သော် မကြာမီ သူ၏သာသနာလုပ်ငန်းကို ရုတ်တရက်အဆုံးသတ်လိုက်ရသော အဖြစ်အပျက်တစ်ခုဖြစ်လာခဲ့သည်။

ဧဖက်မြို့၌ အာတေမိအမည်ရှိသော နတ်ဘုရားမရှိ၏။ ပန်းထိမ်သမားများသည် နတ်ဘုရားမအတွက် ငွေဗိမာန်ငယ်တို့ကို လုပ်၍ ရောင်းချသဖြင့် စီးပွားရေးအောင်မြင်ခဲ့ကြ၏။ သူတို့သည် တစ်နှစ်တွင် တစ်ကြိမ် အာတေမိနတ်ဘုရားမကို ရိုသေဂုဏ်ပြုသည့်အနေဖြင့် ကြီးမားသော ပွဲကျင်းပခဲ့ကြ၏။

အဘယ်သို့ပင်ဖြစ်စေကာမူ၊ ပေါလု၏သာသာနာအမှုအကြောင့် မြောက်များစွာသောလူတို့သည် ခရစ်ယာန်များဖြစ်လာခဲ့ကြ၏။ အခြားသောသူများသည် ခရစ်ယာန်များ မဖြစ်ခဲ့သော်လည်းပဲ သူတို့သည် ရုပ်တု၊ နတ်ကိုးကွယ်ခြင်းများကို အဆုံးသတ်ခဲ့ကြ၏။ သို့သော် မှတ်သားစရာမှာ နှစ်စဉ်ပွဲကျင်းပသောအခမ်းအနား၌ လူများနည်းပါးလာ၏။

**လက်တွေ့ကျင့်သုံးရန်** - သင့်ရဲ့အသက်တာ၌ ဘယ်တစ်ခုကို ရှိစေချင်သနည်း။ "ဇာတိပကတိသဘော" လား သို့မဟုတ် "ဝိညာဉ်ပကတိသဘော" လား။ သင်သည် ကယ်တင်ခြင်းရရန် မိမိအကျင့်ဖြင့် ကြိုးစားပါက၊ ၎င်းသည် မဖြစ်နိုင်ကြောင်း သင်တွေ့ရလိမ့်မည်။ သို့သော် သင်သည် နာခံလိုက်လျှောက်ဖို့ရန် ခွန်အားအတွက် သန့်ရှင်းသောဝိညာဉ်တော်အပေါ် မှီခိုအားကိုးပါက၊ သင်သည် အချိန်တိုင်း အောင်မြင်မည်ဖြစ်သည်။ ဘယ်တစ်ခုကို သင်ရွေးမည်နည်း။ ဂလာတိဩဝါဒစာ ၆း၇၊ ၈။

## သောကြာနေ့ | ယေရုရှလင်သို့ နောက်ဆုံးခရီး (တမန်တော်ဝတ္ထု ၂၀း၃ -၂၁း၁၆) ၆

ခြောက်လကြာပြီးနောက်၊ ပေါလုသည် ကောရိန္သုမြို့၌ သူ၏အမှုတော်ကို အဆုံးသတ်ခဲ့ပြီး၊ ယေရုရှလင်သို့ ပြန်လာရန် အစီအစဉ်ချမှတ်ခဲ့၏။ သူနှင့် သူ့အပေါင်းအဖော် ရှစ်ယောက်တို့သည် ရှုရိပြည်သို့ သင်္ဘောဖြင့် လွင့်၍၊ ထိုနေရာမှ ယေရုရှလင်သို့ သွားရန် စီစဉ်ခဲ့ကြ၏။ သို့သော် သင်္ဘောကို စီးနင်းခါနီးတွင်၊ ယုဒလူမျိုးများသည် သူတို့အားစိတ်ဒေါသထွက်၍ သူ့အားသတ်မည့်အကြံရှိသည်ကို တွေ့ခဲ့လေ၏။ ချက်ချင်းပင်သူသည် သူ၏အစီအစဉ်ကို ပြောင်းလိုက်ပြီး၊ မြောက်ဘက်သို့ ခြေကျင်ဖြင့် ခရီးနှင်ခဲ့၏။

ပေါလုသည် ဖိလိပ္ပိမြို့၌ ပသခါပွဲအတွက် ခဏရပ်နေခဲ့ပြီး၊ ထိုပသခါပွဲပြီးနောက် တရောမြို့သို့ သွားခဲ့လေ၏။ ထိုတရောမြို့၌ ခရစ်ယာန်များနှင့် တစ်ပတ်တိတိ တွေ့ဆုံခဲ့လေ၏။ ထိုနေရာ၌ သူ၏ နောက်ဆုံးညတွင် သူသည် ယုံကြည်သူများနှင့် ညနက်ထိတိုင် စည်းဝေးခဲ့၏။ ပြတင်းပေါက်နားမှာ အိပ်ပျော်နေသော လူငယ်တယောက်သည် အဘယ်သို့ ဖြစ်သွားခဲ့သနည်း။ တမန်တော်ဝတ္ထု ၂၀း၉။

လူများတို့သည် အောက်ထပ်သို့ တဟုန်တည်းပြေးလာသည့်နှင့် တပြင်နက် ၎င်းသည် ထိတ်လန့်တုန်လှုပ်စရာဖြစ်ခဲ့သည်။ ပေါလုသည် အောက်သို့ဆင်းလာပြီး၊ အဘယ်သို့ဖြစ်ပျက်နေသည်ကို မြင်သောအခါ၊ ဘုရားသခင်သည် ထိုပြုတ်ကျသေသောလူငယ် ဥတုခုအား အသက်ပြန်ရှင်ပေးမည်အကြောင်း ပေါလုသည် ဆုတောင်းလေ၏။ ဆုတောင်းသည်အတိုင်း ဘုရားသခင်သည် ထိုလူငယ်အား ရှင်စေတော်မူခဲ့၏။

နံနက်ရောက်သောအခါတွင်၊ ပေါလု၏အပေါင်းအဖော်တို့သည် သင်္ဘောစီးသွားကြ၏။ အဘယ်သို့ပင်ဖြစ်စေ၊ ပေါလုသည် ဆုတောင်းဖို့ရန်နှင့် စဉ်းစားဆင်ခြင်ဖို့ရန် တိတ်ဆိတ်သောအချိန်ကို လိုချင်သောကြောင့် သူသည် မိုင် ၂၀ ဝေးသော အဿုမြို့သို့ လမ်းလျှောက်သွားရန် ဆုံးဖြတ်ခဲ့၏။ သူသည် ထိုနေရာမှ စီးသွားပြီး၊ သင်္ဘောသည် ဧဖက်မြို့တောင်ဘက် မိုင် ၃၀ ခန့်၌ရှိ ရှိသော မိလက်မြို့ မှာ ရပ်လေ၏။ ထိုအရပ်မှ ပေါလုသည် ဧဖက်မြို့၌နေထိုင်သော အကြီးအကဲတို့ထံသို့ သူတို့သည် သူ့အား လာတွေ့ရန် တောင်းဆိုသည့် သတင်းတစ်ခု ပို့လိုက်၏။

ဧဖက်မြို့မှ အကြီးအကဲတို့ရောက်လာသောအခါတွင်၊ ပေါလုသည် သူတို့အား အလွန်ကြင်နာစွာ ပြောဆိုခဲ့၏။ သူသည် မိမိ၏ ကြိုးစားအားထုတ်ခြင်းနှင့် သစ္စာရှိစွာအမှုဆောင်ခြင်း၏ဥပမာကို လိုက်လျှောက်ရန် သူတို့ကို အားပေးခဲ့ပြီး၊ ရှေ့တွင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို သတိပေးခဲ့၏။ သူတို့အား သူပြောခဲ့သောအရာကို ဖတ်ရှုချင်လျှင်၊ တမန်တော်ဝတ္ထု ၂၀း၁၇-၃၅ တွင် တွေ့ရှိနိုင်ပါသည်။

မိလက်မြို့မှ ထွက်သွားပြီးနောက်၊ နောက်ဆုံးတွင် ပေါလုသည် တုရုမြို့သို့ ရောက်သွားခဲ့၏။ ထို့နောက် သူသည် ကဲသရိမြို့၌ ရှိသော ဖိလိပ္ပု၏ အိမ်သို့ သွား၍၊ ရက်အတော်ကြာ နေထိုင်ခဲ့၏။

ဖိလိပ္ပု၏အိမ်၌ ရှိနေစဉ် ယုဒပြည်မှ အာဂဗုအမည်ရှိသော ပရောဖက်သည် ရောက်လာ၏။ သူသည် ပေါလုအား ဘာပြောဆိုခဲ့သနည်း။ တမန်တော်ဝတ္ထု ၂၁း၁၀၊ ၁၁။

ယေရုရှလင်၌ သူ့အား ရန်ဘက်ပြုသူများစွာရှိနေကြောင်းနှင့် ထိုနေရာတွင် အဖမ်းခံရလိမ့်မည်ဖြစ်ကြောင်းကို ပေါလုသည် သိခဲ့၏။ သို့သော် သူ၏အပေါင်းအဖော်တို့သည် မသွားဖို့ရန် သူ့အားတားမြစ်ကြိုးစားတိုက်တွန်းခဲ့သော်ငြားလည်း သူသည် တတိယမြောက် သာသနာပြုခရီးကို အဆုံးသတ်ရန် ယေရုရှလင်သို့ တက်တက်ကြွကြွသွားခဲ့လေ၏။

**လက်တွေ့ကျင့်သုံးရန်** - ပေါလုသည် ရှေ့အနာဂတ်ကို မကြောက်ရွံ့ခဲ့ချေ။ ကျွန်ုပ်တို့သည်လည်း ယေရှုခရစ်တော်အား သစ္စာရှိသောသူများဖြစ်ပါက၊ မည်သည့်အရာဖြစ်စေ၊ ကြောက်ရွံ့ဖို့ရန် မဟုတ်ပေ။ အငယ် ၁၂၊ ၁၃။




© ၂၀၂၂ - My Bible First www.mybiblefirst.org sales@mybiblefirst.org

ပန်းထမ်သမားများသည် သူတို့၏ထုလုပ်သော ရုပ်ထုငယ်များကို လူအနည်းငယ်တို့ကသာ ဝယ်ယူနေကြသည်ကို သတိပြုမိကြ၏။

ဒေမေတရိအမည်ရှိသော ပန်းထိမ်သမားတယောက်သည် အလွန်စိုးရိမ်ကြောင့်ကြနေပါတော့သည်။ သူဘာလုပ်ဆောင်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၉း၂၃-၂၇။ မကြာမီ တစ်မြို့လုံးသည် ရုန်းရင်းခတ်ဖြစ်သွားပြီး လူများတို့သည် "ဧဖက်လူတို့၏ အာတေမိသည် ကြီးမြတ်တော်မူ၏" ဟု အော်ဟစ်ကြလေ၏။ သူတို့သည် ပေါလုအား တွေ့ရှိပါက သူ့အား သတ်လိမ့်မည်ဖြစ်သည်။ သို့သော် ပေါလုအား ဝှက်ထားတော်မူ၏။ သူတို့၏ အော်ဟစ်မှုသည် ဘယ်လောက်ထိ ကြာညောင်းခဲ့သနည်း။ အငယ် ၃၄။

နောက်ဆုံး၌ သူတို့သည် အချိန်တော်တော်ကြာကြာ မအော်ဟစ်နိုင်တော့ချေ။ မြို့နယ်အရာရှိတစ်ယောက်သည် လူထုကြီးကို တိတ်စေခဲ့၏။ သူပြောခဲ့သည်မှာ ဒေမေတရိသည် တစ်စုံတစ်ယောက်နှင့် ပြဿနာအမှုတစ်ခုရှိပါက အဓိကရုဏ်းဖြစ်စေခြင်းအစား ထိုကိစ္စကို တရားရုံးတော်သို့ ယူဆောင်စီရင်သင့်သည်ဟု ပြောကြားခဲ့၏။ အငယ် ၃၅-၄၁။

ခရစ်ယာန်များနှင့် နောက်ထပ်တကြိမ် စည်းဝေးပြီးနောက်၊ ပေါလုသည် ဧဖက်မြို့မှ ထွက်ခွာခဲ့ပြီး၊ သူ၏တတိယသာသနာခရီးစဉ်ကို စတင်ခဲ့၏။ မြောက်ဘက် မိုင် ၁၅၀ ခန့် ခရီးသွားပြီးနောက် ပေါလုသည် တရောမြို့သို့ ရောက်လေ၏။ ထိုမြို့၌ အချိန်ခဏ နေခဲ့လေ၏။ သို့သော် ကောရိန္သုမြို့သူမြို့သားများထံသို့ သူရေးသားခဲ့သော စာစောင်အကြောင်းကို သူမမေ့နိုင်ခဲ့ပေ။ သူသည် အလွန်ကြမ်းတမ်းခဲ့သလား။ သူတို့သည် သူ၏ဆုံးမခြင်းနှင့် သွန်သင်ခြင်းကို လက်ခံမည်လား။ သူသည် တိတုက တရောမြို့၌ သူ့အား လာတွေ့မည်ကိုမျှော်လင့်ခဲ့၏။ သူ၏စာစောင်ကို သူတို့အဘယ်သို့လက်ခံခဲ့ကြောင်းကို တိတုသည် သူ့အားပြောပြခဲ့လေ၏။



**လက်တွေ့ကျင့်သုံးရန်** - တစ်ဦးတစ်ယောက်က သင်လုပ်နေသောအရာသည် မှားကြောင်း သင့်အား ပြောပြသောအခါ သင်သည် အဘယ်သို့ တုန့်ပြန်သင့်သလဲ။

## အင်္ဂါနေ့ | ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၃

ကောရိန္သုမြို့မှ ဖောက်ပြန်သောခရစ်ယာန်များသည် သူ၏စာစောင်အား မည်သို့လက်ခံမည်ကို ပေါလု စိုးရိမ်မိခဲ့၏။ သူတို့၌ မှန်ကန်သော စိတ်နေသဘောထားများ ရှိမည်လား။ အဆက်အသွယ်လုပ်ခြင်းသည် အလွန်နှေးကွေးမည်ဖြစ်ပြီး သတင်းတစ်ခုပို့ဖို့ရန် တစ်ပတ်သို့မဟုတ် တစ်လ ကြာမည်ဖြစ်သည်။ သူတရောမြို့မှ မထွက်ခင် တိတုထံမှ သူမျှော်လင့်ထားသောသတင်းကို ရရှိခဲ့ပါသလား။ ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၂း ၁၂၊ ၁၃။



ထို့ကြောင့် ပေါလုသည် တိမောသေကို တွေ့ရှိခဲ့သည့် မာကေဒေါနိပြည် ဖိလိပ္ပိမြို့သို့ သွားခဲ့၏။ သူသည် ထိုနေရာသို့ရောက်နေစဉ် တိတုသည် အံ့ဩဖွယ်သတင်းနှင့်အတူ ကောရိန္သုမြို့မှ ရောက်လာလေ၏။ ထိုနေရာ၌ရှိသော ခရစ်ယာန်အများစုသည် ပေါလု၏စာစောင်၌ပါသော သွန်သင်ချက်များကို စိတ်နှလုံးဆန္ဒပြင်းပြစွာ နားထောင်ခဲ့ကြ၏။

ပေါလုသည်သူတို့ထံသို့ အခြားသောစာစောင်ကိုလျင်မြန်စွာ ရေးသားခဲ့သည့်အကြောင်းနှင့် ပတ်သက်၍ အလွန်ဝမ်းသာပျော်ရွှင်ခဲ့၏။ ဤစာစောင်သည် ကောရိန္သုမြို့သူမြို့သားများအား ရေးသားသောဒုတိယစာစောင်ဖြစ်ပြီး၊ ၎င်းကို ကျမ်းစာ၌ ပါဝင်သော ကောရိန္သုဩဝါဒစာဒုတိယစောင်ဟု ခေါ်သည်။ ပေါလုသည် သူ၏ခံစားချက်ကိုအဘယ်သို့ ဖော်ပြခဲ့သနည်း။ ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၇း ၅-၇။



ပေါလုသည် သူတို့၏ဘဝအသက်တာ၌ဖြစ်ပျက်ခဲ့သော အပြောင်းအလဲအကြောင်းကို ရေးသားခဲ့သည်။ သူတို့သည် နောင်တရခဲ့ကြပြီး၊ သူတို့၏ အသက်တာများသည် ဘုရားသခင်၏ပညတ်တော်နှင့် အညီ တဖန်ပြန်လည်နေထိုင်ခဲ့ကြသည်။ အငယ် ၈- ၁၀။

ဤစာစောင်ထဲ၌ ကောရိန္သုမြို့ရှိ ယုံကြည်သူများအား သူတို့အတွက် သခင်ယေရှုခရစ်သည် ဘာလုပ်ဆောင်ပေးခဲ့ကြောင်းကို ပေါလုသည် ပြန်သတိပေးထားသည်။ ယေရှုခရစ်တော်၌ စကြာဝဠာတစ်ခုလုံး၏စည်းစိမ်ချမ်းသာခြင်းအားလုံးရှိကြောင်း၊ သို့သော် သူသည် ကျွန်ုပ်တို့အတွက် "ဆင်းရဲခြင်းကို ခံတော်မူကြောင်း၊" ထိုအတွက်ကြောင့် ကျွန်ုပ်တို့သည် သူ၏ကျေးဇူးတော်အားဖြင့် စည်းစိမ် ချမ်းသာသောသူများ ဖြစ်လာနိုင်ပါကြောင်း ပေါလုသည် သူတို့အား ကြားပြောလေ၏။ ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၈း၉။ ယေရှုခရစ်တော်သည် အပြစ်ကင်းသောသူဖြစ်ကြောင်း၊... ကျွန်ုပ်တို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်တော်မူခဲ့ကြောင်း၊ ထို့ကြောင့် ကျွန်ုပ်တို့သည် သူ့အားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းကိုလည်း သူတို့အား ဟောပြောလေ၏။ (ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၅း၂၁)



သူတို့အတွက် ယေရှုခရစ်တော်ပေးဆပ်ခဲ့သောအရာများကို သူတို့အမှန်တကယ်နားလည်နိုင်မည်ဆိုလျှင်၊ တစ်ကိုယ်ကောင်းဆန်သည့်စိတ်သည် သူတို့ထဲမှာ မတည်ရှိနိုင်ကြောင်းကို ပေါလုသည် အသေအချာပြောဆိုခဲ့၏။ အပြစ်သားများ အပြစ်ပြုခြင်းကို ရပ်တန့်ရန် သခင်ယေရှု၏မေတ္တာတော်သည် အပြင်းထန်ဆုံးသော လှုံ့ဆော်မှုဖြစ်ကြောင်း သူယုံကြည်ခဲ့သည်။

ထို့အပြင်၊ အဘယ်သူသည် ဘုရားသခင်၏အံ့ဖွယ်ကောင်းသော ချစ်ခြင်းမေတ္တာတော်အကြောင်းကို အပြစ်သားများအား ပြောပြရန်တာဝန်အပ်နှံခြင်းခံရပါသနည်း။ ကျွန်ုပ်တို့ပဲ ဖြစ်သည်။ ကောင်းကင်တမန်များကို အသုံးပြုမည့်အစား၊ ဘုရားသခင်သည် လူသားများအား အသုံးပြုရန် ရွေးချယ်ခဲ့သည်။ ပေါလုသည် ကျွန်ုပ်တို့အား "မြေအိုး" ဟု ခေါ်ဆိုထားပြီး၊ ဘုရားသင်၏ချစ်ခြင်းမေတ္တာကို သိကျွမ်းခြင်းဥာဏ်အား "ဘဏ္ဍာ" ဟု ခေါ်သည်။ ၎င်းအကြောင်းကို ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၄း၆၊ ၇ ၌ ဖတ်ပါ။

**လက်တွေ့ကျင့်သုံးရန်** - သင်၏ "မြေအိုး" ၌ ထိုအံ့ဖွယ်ကောင်းသောဘဏ္ဍာ သင့်မှာ ရှိပါသလား။ ၎င်းကို အခြားသူများနှင့် သင် အဘယ်သို့ဝေငှမည်နည်း။

## ဗုဒ္ဓဟူးနေ့ | တမန်တော်ဝတ္ထု ၂၀း၂၊ ရောမဩဝါဒစာ ၄

ရုန်းရင်းခတ်သောအမှုများပြီးနောက် နောက်ဆုံး၌ ပေါလုသည် ကောရိန္သုမြို့သို့ ရောက်သွားခဲ့၏။ ထိုနေရာ၌ရှိနေစဉ် သူသည် သူ၏ လာမည့်အစီအစဉ်များအကြောင်းကို စဉ်းစားခဲ့လေ၏။ သို့သော် ထိုအချိန်တွင် သူသွားချင်သော တစ်ခုတည်းသောနေရာမှာ ရောမမြို့သို့ဖြစ်သည်။ ထိုနေရာ၌ ခရစ်ယာန်အသင်းတော်တစ်ခု ရှိခဲ့ပြီးသားဖြစ်၏။ ပေါလုသည် သူအလည်အပတ်သွားဖို့အတွက် သူတို့အား ပြင်ဆင်စေရန် စာစောင်တစ်စောင်ကို သူတို့ထံ ရေးပို့ခဲ့သည်။ ထိုစာစောင်ကို ကျွန်ုပ်တို့ ကျမ်းစာ၌တွေ့ရသော ရောမဩဝါဒစာ ဟုခေါ်သည်။ ရောမဩဝါဒစာ ၁း၇-၁၀။

ပေါလု၏စာစောင်များသည် အမြဲတမ်းလိုလို သူစတင်တည်ထောင်ထားသည့် အသင်းတော်များသို့ ရေးလေ့ရှိသည်။ သို့သော် ပေါလုသည် ရောမမြို့သို့ မသွားဖူးခဲ့သေးပေ။ ထို့ကြောင့် ရောမဩဝါဒစာစောင်သည် အခြားသောစာစောင်များထက် ထူးခြားသည်၊ ပေါလုသည် သူ လည်ပတ်ခဲ့သောတခြားသောအသင်းတော်များအားလုံးတွင် ဟောပြောခဲ့သည့် ယေရှုခရစ်တော်အကြောင်း ဧဝံဂေလိသတင်းစကားကို ရုပ်ပုံလွှာကဲ့သို့ မြင်ယောင်နားလည်နိုင်အောင် ရေးသားခဲ့ရသည်။

ပေါလုသည် အဘယ်သူ၌မျှ ကောင်းသောအရာတစ်စုံတစ်ခုမှ မရှိကြောင်း ဖော်ပြခြင်းအားဖြင့် အစပြုရေးသားခဲ့သည်။ ကျွန်ုပ်တို့သည် ဖြောင့်မတ်သောသူမဟုတ်ပေ၊ သို့မဟုတ် ကျွန်ုပ်တို့သည် ကိုယ်သဘောအားဖြင့် ဖြောင့်မတ်ရာသို့ မရောက်နိုင်ပေ။ ထိုအကြောင်းကို ပေါလုသည် အဘယ်သို့ပြောဆိုခဲ့ကြောင်း ရောမဩဝါဒစာ ၃း၁၀-၁၈၊ ၂၃ ကို ဖတ်ပါ။

ထို့နောက်၊ ဘုရားသခင်၏အံ့ဖွယ်ချစ်ခြင်းမေတ္တာအကြောင်းကို ဖော်ပြခြင်းအားဖြင့် ဆက်လက်ရေးသားခဲ့သည်။ ယေရှုခရစ်တော် ကပ်တိုင်ပေါ်အသေခံသောအခါ သူ့ကို ချစ်သောလူများအတွက် တစ်စုံတစ်ခုမျှ မလုပ်ဆောင်ပေးခဲ့ချေ။ ကျွန်ုပ်တို့သည် သူ၏ရန်သူများဖြစ်သည်။ သူသည် ကျွန်ုပ်တို့၏အပြစ်ဒဏ်ကို ယူဆောင်သွားဖို့ရန် ရွေးချယ်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သူ၏အသက်ကို ရရှိနိုင်ခြင်းဖြစ်သည်။

ယခုတွင်၊ ခရစ်တော်ယေရှုသည် ကျွန်ုပ်တို့အတွက် အသေခံခဲ့သောကြောင့်၊ ကျွန်ုပ်တို့သည်လည်း "အပြစ်သို့ သေခြင်း" အဖြစ်သို့ ရောက်နိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် စာတန်၏ စကားကို နားမထောင်ဖို့ရန်နှင့် အပြစ်ကို ဆက်မလုပ်စေရန်ဖြစ်သည်။ ထို့ကြောင့် ၎င်းသည် ကျွန်ုပ်တို့ ဗတ္တိဇံခံယူခြင်း သင်္ကေတ ဖြစ်သည်။ ရောမဩဝါဒစာ ၆း၃-၇ ကို ဖတ်ပါ။

ကျွန်ုပ်တို့ထံ၌ ယေရှုခရစ်တော်ကို နေထိုင်ခွင့်ပေးရန် ရွေးချယ်ပါက၊ ကျွန်ုပ်တို့သည် "အပြစ်တရားနှင့် သေခြင်းတရား၏လက်မှ လွတ်မြောက်" လိမ့်မည်ဖြစ်သည်။ ထို့အပြင် "ဖြောင့်မတ်ခြင်း၏ တရားလမ်း" ကို ကျွန်ုပ်တို့သည် လုံးဝလိုက်လျှောက် နာခံနိုင်မည်ဖြစ်သည်။ ရောမဩဝါဒစာ ၈း၁-၄။

**လက်တွေ့ကျင့်သုံးရန်** - သင်သည် အပြစ်တရားမှ ဖြောင့်မတ်ခြင်းသို့ ပြောင်းလဲချင်ပါသလား။ သင်ရွေးချယ်ပါက ရမည်ဖြစ်သည်။ ဘုရားသခင်သည် အခမဲ့ဆုလက်ဆောင်ကဲ့သို့ ကျွန်ုပ်တို့အား ကမ်းလှမ်းနေပါသည်။ (ရောမဩဝါဒစာ ၆း၂၃) သင်သည် ယေရှုခရစ်တော် နောက်လိုက်ရန် ဆက်လက်ရွေးချယ်နေပါက၊ သူ့ထံမှ ဝေးသွားဖို့ရန် ဘယ်အရာမှ သင့်ကို မလုပ်ဆောင်နိုင်တော့ပေ။ ထိုမျှလောက်သော အံ့ဩစရာကောင်းသည့် အားပေးတိုက်တွန်းခြင်းအကြောင်းကို ရောမဩဝါဒစာ ၈း၃၁-၃၉ ကို ဖတ်ပါ။

## ကြာသပတေးနေ့ | ဂလာတိဩဝါဒစာ ၅

ကောရိန္သုမြို့မှ မထွက်ခွာခင်၊ ပေါလုသည် အခြားသော စာစောင် တစ်စောင်ကို ရေးခဲ့၏။ ဤစာစောင်မှာ ဂလာတိမြို့ဒေသ၌ရှိ သော အသင်းတော်များသို့ ရေးသားသော စာစောင်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့ကျမ်းစာ၌ တွေ့ရှိရသော ဂလာတိဩဝါဒစာ ဖြစ်သည်။ ယေရုရှလင်မှ မှားယွင်းသောအချို့ဆရာများ သို့ မဟုတ် မိစ္ဆာပရောဖက်များသည် ဂလာတိမြို့၌ရှိသော အသင်းများသို့ ရောက်လာခဲ့ကြ၏။ သူတို့သည် ဘယ်အရာများကို သွန်သင်ခဲ့ကြသနည်း။ ဂလာတိဩဝါဒစာ ၁း၆၊ ၇။



ဤ "ကွဲပြားသောဧဝံဂေလိသတင်းစကား" သည် အဘယ်သို့နည်း။ ထိုမှားယွင်းသောဆရာများ သို့မဟုတ် မိစ္ဆာပရောဖက်များသည် ကယ်တင်ခြင်းရဖို့ရန် ယုဒလူမျိုးတို့၏ ပွဲနှင်းသဘင်၊ ဓလေ့ထုံးထမ်းနှင့်ဆိုင်သော ပညတ်များကို စောင့်ထိန်းရန် လိုအပ်သည်ဟု သွန်သင်ဟောပြောခဲ့ကြ၏။ သူတို့သည် ဘုရားသခင်၏ပညတ်တော်ကိုစောင့်ထိန်းရန် အလွန်ခက်ခဲသည်ဟု ခံစားခဲ့ကြ၏။ ထို့ကြောင့် စိတ်နှလုံးပြောင်းလဲခြင်းသို့ မရောက်ဘဲ၊ ဘာသာရေးဆိုင်ရာအမှုများနှင့် ယုဒဓလေ့များကို နားထောင်လိုက်လျှောက်ဖို့ရန် အစားထိုး လဲလှယ်ခဲ့ကြလေ၏။ ဂလာတိဩဝါဒစာ ၃း၉-၁၁။

ထိုအရာသည် အလွန်အန္တရာယ်ရှိသော သွန်သင်ချက်ဝါဒ ဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်ကို စောင့်ထိန်းရန် ခွန်အားအတွက် သန့်ရှင်းသော ဝိညာဉ်တော်အပေါ်၌ မှီခိုရန် ခရစ်ယာန်များအား အားပေးတိုက်တွန်းနိုးဆော်မည့်အစား၊ သူတို့သည် သူတို့၏ကြိုးစားခြင်း သို့မဟုတ် သူတို့၏အကျင့်အားဖြင့် ကယ်တင်ခြင်းကို ရရှိကြောင်း သွန်သင်နေခဲ့ကြလေ၏။ ထိုအတွေးအမြင်အကြောင်းနှင့် ပတ်သတ်၍ ပေါလုသည် ဘာပြောဆိုခဲ့သနည်း။ ဂလာတိဩဝါဒစာ ၂း၁၆။

ကျွန်ုပ်တို့သည် မိမိတို့၏အလုပ် သို့မဟုတ် အကျင့်အားဖြင့် ကယ်တင်ခြင်းရရန် ကြိုးစားသောအခါ၊ ပေါလုသည် ကျွန်ုပ်တို့ကို "ဇာတိပကတိအကျင့်ကို ကျင့်ဆောင်သောသူများ သို့မဟုတ် ဇာတိပကတိသဘော" ဟုခေါ်၏။ အဘယ်ကဲ့သို့သော အမှုအရာများသည် ထိုသို့သော အကျင့်ဖြစ်မည်နည်း။ အလွန်ဝမ်းနည်းစရာကောင်းသော အကျင့်များအကြောင်းကို ဂလာတိဩဝါဒစာ ၅း၁၉-၂၁ ၌ ဖတ်ပါ။ တခြားတဘက်မှာ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အထဲ၌ သန့်ရှင်းသောဝိညာဉ်တော်အား နေထိုင်ခွင့်ပေးသောအခါ၊ လုံးဝခြားနားသွားလိမ့်မည် ဖြစ်သည်။ ထိုသို့သောသူများကို "ဝိညာဉ်ပကတိသဘော သို့မဟုတ် ဝိညာဉ်ပကတိအားဖြင့် ကျင့်ဆောင်သောသူများ" ဟု ပေါလုက ခေါ်ဆိုခဲ့သည်။ ထိုမျှလောက်ကောင်းမြတ်သော ဝိညာဉ်ပကတိအကြောင်းကို အငယ် ၂၂၊ ၂၃ ၌ ဖတ်ပါ။

သခင်ယေရှုခရစ်တော်သည် မိမိကိုယ်တိုင် ကျွန်ုပ်တို့၏ အပြစ်များကို ယူဆောင်သွားသောအခါ၊ ကျွန်ုပ်တို့အတွက် အပြစ်ဒဏ်ကို ခံယူခဲ့ပြီး၊ ကပ်တိုင်ပေါ်တွင် အသေခံခဲ့ရသည်။ ထိုအတွက်ကြောင့်၊ အပြစ်တရားသည် ကျွန်ုပ်တို့အပေါ်သို့ လွှမ်းမိုးစေရန် ဘာကြောင့် ဆက်လက် ခွင့်ပြုသင့်မှာလဲ။ ယေရှုခရစ်တော်သည် အသေခံခဲ့ပြီဖြစ်သောကြောင့် ကျွန်ုပ်တို့သည် စာတန်အား "ငြင်းဆိုရမည်" ဖြစ်ပြီး၊ ဘုရားသခင်အား "လက်ခံရမည်" ဖြစ်သည်။ ကျွန်ုပ်တို့သည် ယေရှုခရစ်တော်လုပ်ဆောင်သကဲ့သို့ သူ၏နှုတ်တော်ထွက်စကားများကို ကျွန်ုပ်တို့သည် နာခံမှုရှိပါက၊ ကျွန်ုပ်တို့အထဲ၌ နေထိုင်နိုင်သည်။ ကျွန်ုပ်တို့၏အသက်တာကိုလည်း ပြုပြင်ပေးနိုင်သည်။ ဂလာတိဩဝါဒ စာ ၂း၂၀။